အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့်

မြေပထဝီအား မဖန်ဆင်းမီအလျင်နှစ်ပေါင်းငါးသောင်းကပင်အဖန်ဆင်းခံများ၏သက္ကဒီရ်သတ်မှတ်ချက်များကို

ရေးဆွဲတော်မူခဲ့သည်။

အဗ်ဒုလ္လာဟ်ဗင်န် အမ်ရ် ဗင်န်အာဆ်ွ (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။
ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်ကို ကြားခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့်
မြေပထဝီအား မဖန်ဆင်းမီအလျင်နှစ်ပေါင်းငါးသောင်းကပင်အဖန်ဆင်းခံများ၏သက္ကဒီရ်သတ်မှတ်ချက်များကို ရေးဆွဲတော်မူခဲ့သည်။ ကိုယ်တော်ကမိန့်တော်မူသည်မှာ- အရှင်မြတ်၏(အရ်ရှ်)ပလ္လင်တော်သည် ရေပေါ်၌ရှိတော်မူ၏။
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာအလ္လာဟ်အရှင်မြတ်သည် အဖန်ဆင်းခံများ၏ ရှင်ခြင်း၊သေခြင်း၊ စားနပ်ရိက္ခာအပြင်၎င်းတို့နှင့်သက်ဆိုင်သည့် အရေးကိစ္စအဝဝကို မိုးကောင်းကင်များနှင့် မြေပထဝီအားမဖန်ဆင်းမီ နှစ်ပေါင်းငါးသောင်းအလျင်ကပင် ‘လောင်ဟိမဟ်ဖူဇ်’ သင်ပုန်းပေါ်တွင်အသေးစိတ် သတ်မှတ်ရေးဆွဲတော်မူခဲ့သည်။ ထိုသတ်မှတ်ရေးဆွဲထားသည့်ကိစ္စများသည်အလ္လာဟ်အရှင်မြတ်၏ အလိုတော်နှင့်အညီ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ဖြစ်ပေါ်လာသည့်ကိစ္စတိုင်းသည် အလ္လာဟ်အရှင်မြတ်၏သတ်မှတ်ဆုံးဖြတ်ချက်အရသာ ဖြစ်ပေါ်ရခြင်းဖြစ်သည်။လူသားထံ ဆိုက်ရောက်ရန် သတ်မှတ်ထားသောအရာသည် ၎င်းထံမှ လွဲဖယ်သွားမည်မဟုတ်သလို၎င်းထံမဆိုက်ရောက်ရန်သတ်မှတ်ထားသောအရာသည်လည်းမှားယွင်း၍ဆိုက်ရောက်လာမည်မဟုတ်ပေ။

http://www.sunnah.global/hadeeth/my/show/65038